# မြန်မာ - ကိုဖီအာနန် ဦးဆောင်သော ကော်မရှင်၏ တိုက်တွန်းနှိုးဆော်ချက်များကို အကောင်အထည်ဖော်ရန်

UN ၏အချက်အလက်ရှာဖွေသူများနှင့် ပူးပေါင်း၍ ကန့်သတ်ချက်များကို ဖျက်သိမ်းခြင်းနှင့် တာဝန်ခံတာဝန်ယူမှုကို သေချာစွာလုပ်ဆောင်ရန်

(ရန်ကုန်၊ ဩဂုတ်လ ၂၄ရက်၊ ၂၀၁၇) မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ အကြံပေးကော်မရှင်၏ ပြည့်စုံသည့် ထောက်ခံအ ကြံပြုချက်များ အပေါ်အရေးယူ ဆောင်ရွက်သင့်ကြောင်း Fortify Rights မှ ယနေ့ ပြောကြားသည်။ ယခင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန် ဦးဆောင်သော ကောင်မရှင်မှ အပြီးသတ် အစီရင်ခံစာ ကို ယနေ့ ရန်ကုန်မြို့ တွင် ထုတ်ပြန်လိုက်ပါသည်။

အကြံပေးကော်မရှင်မှ အစိုးရအနေဖြင့် ရခိုင်ဗုဒ္ဓဘာသာများနှင့် ရိုဟင်ဂျာမူဆလင်များအား အတင်းအကျပ် သီးသန့် ခွဲခြားထားခြင်းကို ခိုင်မာ သည့် အဆင့်များဖြင့် အဆုံးသတ်ရန်၊ ပြည်နယ် တလျှောက်တွင် လူမှုအကူအညီများ အပြည့်အဝနှင့် အဟန့် အတားမရှိ ရရှိနိုင်ရန်ကို သေချာစွာ လုပ်ဆောင်ရန်၊ ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေ ကို "ပြန်လည်လေ့လာ" ၍ အခြေအနေမဲ့ဖြစ်နေသော ရိုဟင်ဂျာများကို ကိုင်တွယ်ခြင်း၊ ပြစ်မှုကျူး လွန်သူများအား လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံစေခြင်းနှင့် လွတ်လပ်စွာ လှုပ်ရှားခွင့်အပေါ်ကန့်သတ်ချက်များကို အဆုံးသတ် ရန် စသည့်အချက်များကို အကြံပြုတိုက်တွန်းခဲ့ပါသည်။

"ဆက်လက်ဖြစ်ပေါ်နေတဲ့ ရက်စက်တဲ့လုပ်ရပ်တွေကို ကိုင်တွယ်တာထက် အစိုးရက အကြံပေးကော်မရှင်ကို အနောက်ဘက်မှာဖုံးကွယ်ထားဖို့ ကြိုးစားနေတယ်"ဟု Fortify Rights၏ အလုပ်အမှုဆောင်အကြီးအကဲ Matthew Smith မှပြောကြားသည်။ "အကြံပေးကော်မရှင် က ချိုးဖောက်မှုတွေကို ရပ်တန့်ဖို့ ခိုင်မာတဲ့ ထောက်ခံအကြံပြုချက်တွေနဲ့ တိုက်တွန်းတဲ့ အပေါ် အစိုးရအနေနဲ့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရေးယူ သင့်တယ်။ အောက်ခြေမှာ ဖြစ်နေတဲ့ အမှန်တရားတွေကို အစိုးရအနေနဲ့ အမြန်ဆုံးအရေးတကြီး ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်တယ်"

မြန်မာနိုင်ငံတော် အတိုင်ပင်ခံအကြံပေး ဒေါ်အောင်ဆန်းစုကြည်မှ အဖွဲ့ဝင်၉ဦးဖြင့် အကြံပေးကော်မရှင်ကို ရခိုင်ပြည်နယ်တွင် ဩဂုတ်လ ၂၃ရက် ၂၀၁၆ခုနှစ်တွင် "လူမှုအကူအညီများနှင့် တိုးတတ်ဖွံ့ဖြိုးမှု ပြဿနာများကို ထည့်သွင်းစဉ်းစားရန်၊ အခြေခံဝန်ဆောင်ပေးမှု အခွင့်အလမ်းများ ရရှိရန် နှင့် ရခိုင်ပြည်သူများ၏လုံခြုံရေး"များ အတွက်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံသား ၆ဦးနှင့် မစ္စတာကိုဖီအာနန် အပါအဝင် အပြည်ပြည် ဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ဖွဲ့စည်းခဲ့ပါသည်။ အစိုးရမှ ကော်မရှင်၏အကြံပြုထောက်ခံချက်များကို အကောင်အထည်ဖော် မည်ဟု ယခင်က ပြောကြားခဲ့ပါသည်။

အစိုးရမှ ကော်မရှင်ဖွဲ့ပြီး ၁လကျော်သည့်အချိန်တွင် ရိုဟင်ဂျာ စစ်သွေးကြွများမှ ရဲ အရာရှိ ၉ဦးအား အောက်တိုဘာလ ၉ရက် ၂၀၁၆တွင်သတ်ဖြတ်ခဲ့ပြီး၊ ဆက်စပ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရှေ့တန်းကင်းစခန်းမှ ရဲအရာရှိ ၃ဦးအား တိုက်ခိုက်ခဲ့ပါသည်။ မြန်မာစစ်တပ် အစိုးရမှ ရက်စက်ကြမ်းကြုတ်စွာ အနိုင်ထက်ပြုလုပ်ခဲ့ပါသည်။ Fortify Rights နှင့် အခြား အဖွဲ့အစည်းများ၏အဆိုအရ စစ်တပ်မှစစ်သားများသည် ပြည်သူများကို သတ်ဖြတ်ခြင်း၊ အမျိုးသမီးများနှင့်မိန်းကလေးများကို အတင်းအဓမ္မပြုကျင့်ခြင်း၊ ရွာများကိုဖျက်ဆီးခြင်းနှင့် ပြည်သူပြည်သား ၉၀၀၀၀ ကျော်ကို အခြေအနေမဲ့ဖြစ်စေခဲ့ပါသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အောက်တိုဘာလမှစတင်၍ ရိုဟင်ဂျာများ အပေါ်ချိုးဖောက်မှုများသည် လူသားမျိုးနွယ် အပေါ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီလတွင် စွပ်စွဲပြောဆိုခဲ့ပါသည်။ အစိုးရမှ ထိုစွပ်စွဲချက်များကို ငြင်းဆိုခဲ့ပါသည်။

"နိုင်ငံတကာ လူ့အသိုင်းအဝိုင်းတွေက စွပ်စွဲမှုပြုလုပ်တိုင်း၊ ကျွန်တော်တို့ ကိုဖီအာနန် ကော်မရှင်ရဲ့ အကြံပေးထောက်ခံ ချက်တွေနဲ့ ကိုက်ညီစွာ အရေးယူနေပါတယ်"ဟု အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဇော်ဌေးမှ ဧရာဝတီ ို့ ဇူလိုင်လ ၁၀ရက်နေ့တွင်ပြောခဲ့ပါသည်။ "ကော်မရှင်ဟာ ကျွန်တော်တို့အတွက် အကာအကွယ် ဒိုင်းလွှာတခုလို တာဝန်ထမ်းဆောင်နေပါတယ်"

အစိုးရသည်မှ အကြံပေးကော်မရှင်အနေဖြင့် စုံစမ်းထောက်လမ်းရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်လုပ်ဆောင်ချက်များ ကို လုပ်ဆောင်ခွင့်မပြုပါ။ ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့် "လူ့အခွင့်အရေးကပ်ဆိုက်နေခြင်း" အတွက်တာဝန်ယူဖြေရှင်းခြင်း၏ အရေးကြီးပုံကို အသိအမှတ်ပြုရမည်ဖြစ်ပြီး အစိုးရအနေဖြင့် "အလွန်အမင်းဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်ခြင်းကို ကျူးလွန်သူများအား" တာဝန်ခံခိုင်းရန် ကော်မရှင်မှယနေ့ ပြောကြားလိုက်ပါသည်။

အကြံပေးကော်မရှင်မှ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် အတွင်းနေထိုင်သူများအားလုံး လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် ရရှိရန်အတွက်လည်း သေချာစွာ လုပ်ဆောင်ရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။

Fortify Rights မှ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာ(၁)သန်းကျော်၏ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် ၊ အိမ်ထောင်ပြုခြင်း ၊ ကလေးမွေးခြင်း နှင့် နေ့စဉ်အသက်ရှင် နေထိုင်မှုအပေါ် တင်းကျပ်စွာ ကန့်သတ်တားမြစ်ထားသည့် ဒေသတွင်းထုတ်ပြန်ချက်များ နှင့် အစိုးရအတွင်းအထောက်အထားများ ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ဖော်ပြောပြခဲ့ပါသည်။ အစိုးရသည် လူပေါင်း ၁၂၀၀၀၀ - အများစုမှာ ၂၀၁၂ခုနှစ် အတွင်းအကြမ်းဖက်မှုမှ လွတ်မြောက်လာ ရိုဟင်ဂျာများကို ရခိုင်ပြည်နယ်အတွင်း မြို့နယ် (၈)ခုရှိ ထိန်းသိမ်းရေးစခန်း (၃၈)ခုတွင် ဆက်လက်ထိန်းသိမ်းထား ပါသည်။ ဒေသတွင်းထုတ်ပြန်ချက်များနှင့် လက်တွေ့ကျင့်သုံးချက်များက ရိုဟင်ဂျာများကို ရွာများ ၊ ရွာလမ်းကြောင်းများ ၊ မြို့နယ်များ နှင့် အခြားသော နေရာများသို့ လွတ်လပ်စွာ ခရီးသွားလာခွင့် ကို တားမြစ်ထားပါသည်။

လွတ်လပ်စွာသွားလာခွင့်အတွက် တားမြစ်ချက်များကို ချိုးဖောက်သည့် ရိုဟင်ဂျာများအား ပြစ်မှုကျူးလွန်သူအဖြစ် စွဲချက်တင်ခြင်း ၊ ချိန်းခြောက် ငွေညှစ်ခြင်း သို့မဟုတ် လက်တုန့်ပြန်လက်စားချေခြင်းများကို မြန်မာပြည်နယ်လုံခြုံရေးမှ အနိုင်အထက်ပြုလုပ်ခဲ့သည်ဟု Fortify Rights မှပြောခဲ့ ပါသည်။

"လွတ်လပ်စွာသွားလာလှုပ်ရှားမှုအတွက်တားမြစ်ချက်တွေဟာ တရားဥပဒေနဲ့မကိုက်ညီတဲ့အပြင် စီးပွားရေးအတွက်ဆိုးရွားစေပြီးတော့ အသက်ဆုံးရှုံးစေ နိုင်တဲ့ အန္တရာယ်တွေကို ဖန်တီးနေတယ်"ဟု Mattew Smith မှပြောခဲ့ပါသည်။ "လူမှုရေးအခွင့်အလမ်းများကို တခြားစီခွဲခြားထားတဲ့ နိုင်ငံရေးစနစ် တားမြစ်ချက်တွေဟာ လူမှုအသိုင်းအဝိုင်းရဲ့လုံခြုံရေးကို တိုက်စားသွားပြီးတော့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု အန္တရာယ် တွေကို ပိုပြီးမြင့်တတ်စေတယ်။ ဒါဟာ အကြမ်းဖက်မှုတွေကို အမြန်ဖြစ်ပေါ်စေနိုင်တဲ့အရာဘဲဖြစ်တယ်"

မြန်မာစစ်တပ်၏ အောက်တိုဘာလအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ပြုလုပ်သည့် နှိမ်နင်းမှုများကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ အလွန်အရေးပါသောဆုံးဖြတ်ချက်ကို မတ်လ ၂၄တွင် ပေးခဲ့ပြီး၊ သီးခြားရပ်တည်နေသည့် အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်ရှာဖွေစုဆောင်းခြင်း အတွက်စေလွှတ်ထားသောအဖွဲ့ကို မြန်မာနိုင်ငံတွင်း၊ ရခိုင်ပြည်နယ်အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများကို စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံ အစိုးရသည် ထို ဆုံးဖြတ်ချက်များကို "ပတ်သက်မှုမလုပ်ဘဲအဆက်ဖြတ်" ထားပါသည်။ စုကြည်မှသူမ၏အစိုးရသည် Mission အဖွဲ့နှင့် ပူးပေါင်းသွားမည်မဟုတ်ကြောင်း ရှင်းပြခဲ့ပါသည်။ အချက်အလက်ရှာဖွေသည့်အဖွဲ့မှ မြန်မာနိုင်ငံသို့တရားဝင် ဝင်ရောက်ခွင့်ကို တောင်းခံသွားရန် မျှော်လင့်ထားပါသည်။

မြန်မာနိုင်ငံ တပ်မတော်နှင့် စုကြည်၏ ရုံးများမှ အောက်တိုဘာလ ၂၀၁၆ခုနှစ်မှ စတင်ကာ ရခိုင်ပြည်နယ်အတွင်း ပြင်းထန်စွာဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စွပ်စွဲချက်များကို ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ငြင်းဆိုခဲ့ပါသည်။ ဩဂုတ်လ ၆ရက်နေ့တွင် စုကြည်မှ ခန့်အပ်တာဝန်ပေးထားသည့် ဒုသမ္မတမြင့်ဆွေဦးဆောင်သော ကော်မရှင်မှ အောက်တိုဘာလမှစတင် ကာ မောင်တောမြို့နယ်တွင် ပြင်းထန်စွာဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်စွပ်စွဲချက်များကို အရေးမထားဘဲငြင်းပယ်ခဲ့ပါသည်။

ဒုသမ္မတ မြင့်ဆွေမှ သတင်းထောက်များအား "ကုလသမဂ္ဂကစွပ်စွဲသလိုမျိုး လူသားမျိုးနွယ်စုအပေါ်ပြစ်မှုကျူးလွန်နိုင်ချေတွေမရှိပါဘူး တိုင်းရင်းသား မျိုးနွယ်စုတွေကို ရှင်းလင်းသုတ်သင်တယ်ဆိုတဲ့ သက်သေအထောက်အထားတွေလည်းမရှိပါဘူး" ဟုပြောကြားခဲ့ပါသည်။

မြင့်ဆွေ ကော်မရှင်၏ နည်းလမ်းများနှင့် လက်တွေ့ကျင့်သုံးချက်များသည့် "လွန်စွာမှားယွင်း"နေပြီး၊ "အဖွဲ့၏ရှာဖွေတွေ့ရှိချက်များမှာလည်း အများယုံကြည်လက်ခံနိုင်ဖွယ် ကိုက်ညီမှုတွေမရှိဘူး" ဟု Fortify Rights မှပြောကြားခဲ့ပါသည်။

"အာနန် ကော်မရှင်၊ ကုလသမဂ္ဂ အချက်အလက်ရှာဖွေသူတွေ ပြီးတော့ မြန်မာပြည်ရဲ့လူမှုအသိုင်းအဝိုင်းကြားမှာ အစိုးရအနေနဲ့ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေကို ရပ်တန့်ဖို့၊ ပြန်လည်ကောင်းမွန်အောင်ပြင်ဆင်ဖို့အခွင့်အလမ်းတွေရှိပါတယ်"ဟု Mattew Smith မှာပြောကြားခဲ့ပါသည်။ "အချို့အရာရှိတွေက ရခိုင်ကို ကြမ်းတမ်းမှုတွေအောက်ကနေ လှည်းထုတ်ပစ်လိုက်ချင်တယ်။ စစ်တပ် နဲ့အာဏာရှိပြည်သူ တွေက နိုင်ငံတကာရဲ့အားစိုက်လုပ်ဆောင်မှုတွေနဲ့ ပူးပေါင်းပြီး ပြစ်မှုကျူးလွန်သူတွေကို ခိုင်လုံတဲ့အချက်အလက်တွေ ဖော်ထုတ်ပြီး ကျူးလွန်ခဲ့တဲ့အရာတွေအတွက် တာဝန်ယူခိုင်းရမယ်"